အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်
၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၂)ရက်

## ကြေညာချက်

၁။ ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ထန်းမနိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ပေါ်နှင့် ဆယ်အိမ်မှူး ဦးကျော်သင်းတို့က လမ်းဖေါက်တာဖို့ရန် အဓမ္မစေခိုင်းသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် မစုစုနွေး က ကော့မှူးမြို့နယ်တရားရုံးသို့ ၂၀၀၄ ခုနှစ်၊ ဧပြီလ(၂) ရက်နေ့တွင် ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုခဲ့ပေသည်။

၂။ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၄ အရ ဦးစိန်ပေါ်နှင့် ဦးကျော်သင်းတို့ နှစ်ဦးအား ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ(၃၁) ရက်နေ့တွင် ထောင်ဒဏ်အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့ပေသည်။ ထိုသို့အမိန့်ချမှတ်သည့် ကာလမှာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO) မှ အလွန်အဆင့်မြင့်အရာရှိများအဖွဲ့(very high level team) ရန်ကုန်မြို့သို့မလာရောက်မီ အချိန်အနည်းငယ်အလိုတွင်ဖြစ်သည်ကိုလည်း သတိပြုမိပေသည်။ အဆိုပါ ပုဒ်မ-၃၇၄ မှာ-

"မည်သူမဆို တဦးတယောက်သောသူအား ထိုသူအလိုမတူဘဲ ဥပဒေနှင့်ဆန့်ကျင်၍ အတင်းအဓမ္မ ခိုင်းစေလျှင်၊ ထိုသူကို တနှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

ဟုပြဋ္ဌာန်းထားသည်။

၃။ ထို့နောက် ထန်းမနိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအဖြစ် ယခင်အဖွဲ့ဝင် (၂) ဖြစ်ခဲ့သူ ဦးသံလုံး(ခ) ဦးတင်အေး အားအစားထိုးတာဝန်ပေးအပ်ခဲ့ပေသည်။ ၎င်းက မစုစုနွေးအား အမျိုးမျိုး ညစ်ညမ်းစွာပြောဆိုကြောင်း၊ ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြောင်း ကြားသိရပေသည်။ သို့သော် ဦးသံလုံးက မစုစုနွေးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၉၄(ခ)နှင့် ပုဒ်မ-၅၀၆ တို့ဖြင့်အမှုဖွင့် တရားစွဲဆိုခဲ့ပေသည်။ ပုဒ်မ-၂၉၄(ခ)မှာ-

"အများပြည်သူဆိုင်ရာ နေရာတခုခုတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ညစ်ညမ်းသောကဗျာ၊ လင်္ကာ၊ သီချင်း၊ စကားတမျိုးမျိုးကို ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ ပြောဆိုခြင်း၊ တခုခုပြုလျှင်၊ ထိုသူကို သုံးလထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

ဟုလည်းကောင်း၊ ပုဒ်မ-၅၀၆ မှာ-

"မည်သူမဆို ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကိုကျူးလွန်လျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တမျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

ဟုလည်းကောင်း ပြဋ္ဌာန်းထားပေသည်။

၄။ ကော့မှူးမြို့နယ်တရားရုံးကစစ်ဆေးပြီး မစုစုနွေးအား အပြစ်ရှိသည်ဟုဆိုကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၆ အရ ထောင်ဒဏ်(၁)နှစ်နှင့်(၆)လ၊ ပုဒ်မ-၂၉၄(ခ)အရ ထောင်ဒဏ်(၂)လဖြင့် ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန်၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ(၁၃)ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပေသည်။ မစုစုနွေးမှာ မိဘနှစ်ပါးလုံးကွယ်လွန်သွားကြပြီး၊ အိမ်ထောင်မရှိသော တစ်ဦးတည်းရှန်းကန်နေရသည့် နှလုံးရောဂါဝေဒနာရှင်ဖြစ်ကြောင်းသိရပါသည်။ ထို့အပြင် ဘာသာရေးကိုင်းရှိုင်းသည်ဟုလည်း ကြားသိရသည်။ မစုစုနွေးမှာ နာမည်ဆိုးရှိခဲ့ဖူးသူမဟုတ်ကြောင်း၊ ညစ်ညမ်းစွာ ပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်းတို့မပြုခဲ့ကြောင်း၊ တရားလိုဘက်ကသာ မမှန်သက်သေများဖန်တီးခဲ့ကြောင်းတို့ကိုတရားလို ဦးသံလုံး၏ အိမ်နီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော တရားခံပြသက်သေများက အခိုင်အမာ ထုချေထွက်ဆိုခဲ့ကြပေသည်။သို့သော်လည်း မြို့နယ်တရားရုံးက တရားလို ဦးသံလုံး၏စွပ်စွဲချက်များကို လက်ခံခဲ့ပြီး၊ မစုစုနွေးအား ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။ ဤအမှုနှင့်ပတ်သက်၍ အထက်တရားရုံးများသို့ အဆင့်ဆင့်အယူခံသွားမည်ဖြစ်ပေသည်။

၅။ ယခုကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် မစုစုနွေးအနေဖြင့် အဓမ္မအလုပ်စေခိုင်းခြင်းကို တရားဥပဒေအရ အမှန်တရားဖေါ်ထုတ်နိုင်ခဲ့ခြင်းအတွက် တန်ပြန်တရားစွဲဆိုခံရပြီး ပြစ်ဒဏ်ချမှတ်လိုက်ခြင်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်လိုက်သည်။

၁၄-၁၀-၀၅ နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့